Message Two

# သမားတော်နှင့် သတို့သားဖြစ်သော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ မ၊၉း၁၀-၁၃၊ ၁၅။ ဗျာ၊၁း၇-၉

**I. မဿဲဧဝံဂေလိစာစောင်က ခရစ်တော်သည် ဘာသာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ ခရစ်တော်နှင့် စပ်လျဉ်းသောအရာများသည် ဘာသာတရား အပြင်ဘက်တွင်သာ ရှိကြောင်း ဖွင့်ပြထားသည်။**

A. ခရစ်တော်၏မွေးဖွားခြင်း၊ ခရစ်တော်ကို ရှာဖွေခြင်း၊ ခရစ်တော်ကို ထောက်ခံပေးခြင်းနှင့် ခရစ်တော်နောက်လိုက်ခြင်း အားလုံးတို့သည် ဘာသာတရား၏ အပြင်ဘက်တွင် ရှိသည် - ၁း၁၈-၂၃။ ၂း၁-၁၂။ ၃း၁-၁၂။ ၄း၁၂-၂၂။

B. ဘာသာတရားတွင် အရာများကို အုံသြဖွယ်နည်းဖြင့် လုပ်ဆောင်ဖို့ စဉ်းစားခြင်းမှန်သမျှသည် မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းဖြစ်သည် - အငယ်၊၅-၇။

C. သမားတော်နှင့် သတို့သားအဖြစ် ခရစ်တော်သည် ဘာသာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည် - ၉း၁၂၊ ၁၅။

D. သခင်ယေရှုသည် ဘာသာတရားဆိုင်ရာ ထုံးတမ်းဓလေ့ကို ဂရုစိုက်ခြင်းမရှိပါ။ ကိုယ်တော်သည် အတွင်းပိုင်းစစ်မှန်ခြင်းကို ဂရုစိုက်တော်မူသည် - ၁၅း၁-၂၀။

**II. မဿဲ ၉း၁၀-၁၃ တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို သမားတော်အဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းရှိနိုင်ကြောင်း ညွှန်ပြပေးထားသည်။**

A. လူများအား နိုင်ငံတော်အတွက် ကိုယ်တော်နောက်တော်သို့လိုက်ရန် ခေါ်ခြင်း၌ သခင်ယေရှုသည် တရားသူကြီးအဖြစ်မဟုတ်ဘဲ၊ သမားတော်အဖြစ် အမှုဆောင်တော်မူခဲ့သည်။

B. တရားသူကြီး၏ တရားစီရင်ခြင်းသည် ဖြောင့်မတ်ခြင်းအတိုင်း ဖြစ်ပြီး၊ သမားတော်၏ အနာငြိမ်းပေးခြင်းသည် ကရုဏာနှင့် ကျေးဇူးတော်အတိုင်း ဖြစ်သည်။

C. ခရစ်တော်သည် သမားတော်အဖြစ် အမှုဆောင်၍၊ ကျွန်ုပ်တို့ကို အနာငြိမ်းစေရန်၊ ပြန်ရယူရန်၊ နိုးကြားသက်ရှင်စေရန်နှင့် ကယ်တင်ရန် ကြွလာခဲ့သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အသစ်သော၊ ကောင်းကင်ဆိုင်ရာဖြစ်သော နိုင်ငံသားများဖြစ်စေရန် ပြန်လည်စေ့စပ်ထုံးပေးကာ၊ ထိုသူတို့ဖြင့် ကိုယ်တော်သည် ဤဖောက်ပြန်ပျက်စီးနေသော မြေကြီးပေါ်တွင် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာနိုင်ငံတော်ကို တည်စေမည်ဖြစ်သည်။

D. "သို့သော် "ယဇ်ပူဇော်ခြင်းထက် သနားခြင်းကရုဏာကို ငါနှစ်သက်၏" ဟူသော ကျမ်းစကားကို နားလည်ခြင်းငှာ၊ သင်တို့သည် သွား၍ သင်ကြလော့" - အငယ်၊၁၃။

1. သခင်ယေရှုသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ဖျားနာခြင်း၊ အပြစ်၏ဖျားနာခြင်းကို အနာငြိမ်းစေသည်။
2. အပြစ်နှင့် သေခြင်းအကြားတွင် ဖျားနာခြင်းများ၊ အနာရောဂါများနှင့် အားနည်းချည့်နဲ့ခြင်းများ အမျိုးမျိုး အလုံးစုံရှိနေသည်။
3. သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးပြီး၊ နည်းလမ်းတိုင်း၌ အနာငြိမ်းခြင်းလည်း ပြုတော်မူသည်။
4. အပြစ်သားများအဖြစ် ကျွန်ုပ်တို့သည် လုံးဝ ဖျားနာကြသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၊ လူ့ကျင့်ဝတ်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့၌ ဖျားနာနေကြသောကြောင့် ဖြစ်သည်၊ သို့သော် ခွင့်လွှတ်တော်မူသောအရှင်နှင့် သမားတော်ဖြစ်သော ယေရှုသည် ကျွန်ုပ်တို့၏ ဖျားနာခြင်းများအားလုံးကို အနာငြိမ်းစေရန် တတ်စွမ်းနိုင်သည်။
5. ကျွန်ုပ်တို့၏သမားတော်အဖြစ် သခင်ဘုရားသည် ကျွန်ုပ်တို့ကို အဓိကအားဖြင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌မဟုတ်ဘဲ၊ အဓိကအားဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ကျွန်ုပ်တို့၏စိတ်၌ အနာငြိမ်းပေးခြင်းဖြစ်သည်။
6. သခင်ဘုရားက ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ အနာငြိမ်းပေးသည်ဖြစ်စေ၊ မငြိမ်းပေးသည်ဖြစ်စေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့် စိတ်၏ အစိတ်အပိုင်းတိုင်း၌ ကျွန်ုပ်တို့ကို အနာငြိမ်းပေးရန် အမြဲ အသင့်ရှိတော်မူသည်။
7. ကျွန်ုပ်တို့၏သမားတော်အဖြစ် သခင်ဘုရား၏ အနာငြိမ်းပေးခြင်းသည် အဓိက ရုပ်ပိုင်းဆိုင်ရာမဟုတ်ဘဲ၊ ဝိညာဉ်ပိုင်းဆိုင်ရာဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဖျားနာခြင်းများကို အနာငြိမ်းစေသော အရှင်ဖြစ်သည်။

E. ပေါလုက သူ၏ နောက်ပိုင်းအမှုတော်တွင် တွေ့ကြုံခံစားခြင်းက ယုံကြည်သူများ၏ သမားတော်အဖြစ် ခရစ်တော်ကို သင့်လျော်မှန်ကန်သည့် တန်ဖိုးထားခြင်းရှိစေဖို့ ကျွန်ုပ်တို့ကို ကူညီပေးခြင်းဖြစ်သည်။

1. တိမောသေဒုတိယစာ ၄း၂၀ခ တွင် ပေါလုက “တရောဖိမ်သည် ဖျားနာ၍ မိလက်မြို့၌ ငါထားခဲ့၏” ဟုပြောထားသည်။
2. တမန်တော်ပေါလုသည် ထိုသို့ ရင်းနှီးကျွမ်းဝင်သူတစ်ဦးကို သူ့အဖို့ အနာငြိမ်းခြင်း ဆုတောင်းပေးခြင်းမပြုဘဲ ဖျားနာခြင်း၌ ထားရစ်ခဲ့သည်။
3. ပေါလုက တိမောသေအား သူ၏အစာအိမ်အနာကို ကုသဖို့ သူ၏အနာငြိမ်းခြင်း ဆုကျေးဇူးကို မလေ့ကျင့်ခဲ့ပါ (တ၊၁၉း၁၁-၁၂)၊ ထိုအစား ပေါလုက အနာငြိမ်းစေဖို့ သဘာဝနည်းလမ်းကို လုပ်ဆောင်ရန်သာ သူ့ကို လမ်းညွှန်ပေးခဲ့သည် (၁တိ၊၅း၂၃)။
4. ပေါလုက တိမောသေအား စပျစ်ရည်အနည်းငယ် သုံးရန် အားပေးခဲ့ပြီး၊ တရောဖိမ်ကို မိလက်မြို့၌ ထားရစ်ခဲ့သည်။
5. ပေါလုသည် သူ၏လုပ်ဖော်ဆောင်ဖက်များကို အလွန်ပင်လူသားဆန်သောနည်းလမ်း၌ ဂရုစိုက်ပေးခဲ့သည်။
6. ပေါလုက သူတို့ကို ဤနည်းလမ်း၌ ဂရုစိုက်ပေးရခြင်းအကြောင်းရင်းမှာ ဒုက္ခခံစားရသောအချိန်တွင် ပေါလုနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များသည် အပြင်ပိုင်းဆုကျေးဇူး၏ တန်ခိုးအောက်တွင် ရှိကြခြင်းထက်၊ အတွင်းပိုင်းအသက်၏ စည်းကြပ်ပေးခြင်းအောက်တွင် ရှိခဲ့ကြသောကြောင့် ဖြစ်သည်။
7. ပထမတစ်ခုသည် အသက်၌ ကျေးဇူးတော်၏အရာဖြစ်ပြီး၊ နောက်ပိုင်းတစ်ခုသည် တန်ခိုး၌၊ အံ့ဖွယ်နိမိတ်လက္ခဏာတန်ခိုး၌ ဆုကျေးဇူး၏အရာ ဖြစ်သည်။
8. ပေါလု၏အတွေ့အကြုံက အလွန်ဆုံးအနေဖြင့် ယနေ့ ခရစ်တော်၏ အနာငြိမ်းခြင်းသည် ဝိညာဉ်နှင့် စိတ်အတွက်ဖြစ်ကြောင်း ကျွန်ုပ်တို့အား မြင်စေဖို့ ကူညီပေးသင့်ပါသည်။
9. ဤရုပ်ပုံကို ကျွန်ုပ်တို့မြင်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ခရစ်တော်၌ ကိုးစား၍ ကိုယ်တော်ကို ကျွန်ုပ်တို့၏သမားတော်အဖြစ် တွေ့ကြုံခံစားကြမည်ဖြစ်သည်။

F. ကျွန်ုပ်တို့၏သမားတော်အဖြစ် ခရစ်တော်သည် အနာငြိမ်းစေခြင်း အခွင့်အာဏာရှိသည်။

1. ကိုယ်တော်၏အနာငြိမ်းခြင်းသည် တန်ခိုး၏အကြောင်းအရာမျှသာမဟုတ်ဘဲ၊ အခွင့်အာဏာ၏ အကြောင်းအရာလည်း ဖြစ်သည်။
2. ကိုယ်တော်က ကျွန်ုပ်တို့ကို အနာငြိမ်းစေဖို့အလို့ငှာ ကျွန်ုပ်တို့ကို တိုက်ရိုက်ထိတွေ့ဖို့ မလိုအပ်ပါ။
3. ကိုယ်တော်သည် စကားတော်ပြောရုံသာ လိုအပ်ပြီး၊ ကိုယ်တော်၏အခွင့်အာဏာသည် ကျွန်ုပ်တို့ကို အနာငြိမ်းစေဖို့ ကိုယ်တော်၏စကားတော်နှင့်အတူ ရောက်လာသည် - မ၊၈း၈။
4. ကျွန်ုပ်တို့၏သမားတော်သည် ကိုယ်တော်၏အခွင့်အာဏာဖြင့် ကျွန်ုပ်တို့ကို အနာငြိမ်းစေသည်။

## III. မဿဲစာစောင်နှင့် ဗျာဒိတ်ကျမ်းတို့၌ ခရစ်တော်ကို သတို့သားအဖြစ် ဖွင့်ပြထားသည် - မ၊၉း၁၅။ ဗျာ၊၁၉း၇-၉။

A. မဿဲ ၂၅း၁ သည် သတို့သားအဖြစ် သခင်ယေရှုနှင့်စပ်လျဉ်းသည့် ထပ်တိုးပြောစကားဖြစ်သည်။

1. ဤကျမ်းပိုဒ်က သခင်ဘုရားသည် သတို့သားအဖြစ်၊ နှစ်လိုဖွယ်၊ ဆွဲဆောင်ဖွယ် အရှိဆုံးသော ပုဂ္ဂိုလ်အဖြစ် ပြန်ကြွလာမည်ဖြစ်ကြောင်း ဖွင့်ပြထားသည်။
2. သမ္မာကျမ်းစာက ခရစ်တော်သည် သတို့သမီးကို ရရှိရန် ဘုရားသခင်ကိုယ်ထင်ရှားခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည်။
3. ထို့ကြောင့် ခရစ်တော်၏ အဆင့်အနေအထားသည် သတို့သား၏ အဆင့်အနေအထားဖြစ်သည်။
4. သတို့သားအဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်မှုအတွက် နှစ်လိုဖွယ်သော ပုဂ္ဂိုလ်ဖြစ်သည်။
5. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ပြန်လည်ရယူခြင်းအတွက် ကျွန်ုပ်တို့၏သမားတော်အဖြစ်သာမက၊ ကိုယ်တော်၏ မျက်မှောက်၌ အသက်ရှင်သော မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏သတို့သားအဖြစ်လည်း တန်ဖိုးထားသင့်ပါသည်။

B. ဗျာဒိတ် ၁၉း၇-၉ တွင် ခရစ်တော်ကို သတို့သားအဖြစ် ဖွင့်ပြထားသည်။

1. ဤကျမ်းပိုဒ်များက သခင်ယေရှုသည် သတို့သားအဖြစ် သိုးသငယ်ဖြစ်ကြောင်း ဖွင့်ပြထားသည်။

2. ခရစ်တော်သည် သိုးသငယ်အဖြစ်လည်းကောင်း၊ သတို့သားအဖြစ်လည်းကောင်း တင်ဆက်ပြသထားသည်။
3. ယောဟန်ဧဝံဂေလိစာစောင်တွင် ခရစ်တော်သည် အပြစ်ကို ဆောင်ယူသွားမည့် သိုးသငယ်အဖြစ်လည်းကောင်း၊ သတို့သမီးကို ရရှိရန် ကြွလာမည့် သတို့သားအဖြစ်လည်းကောင်း ဖွင့်ပြထားသည်။
4. သိုးသငယ်သည် ရွေးနုတ်ခြင်းအတွက်ဖြစ်ပြီး၊ သတို့သားသည် မင်္ဂလာဆောင်ခြင်းအတွက် ဖြစ်သည်။
5. ရွေးနုတ်ခြင်းသည် ဘုရားသခင်၏သိုးသငယ်အဖြစ် ခရစ်တော်အားဖြင့် ပြီးမြောက်ခဲ့ပြီး၊ မင်္ဂလာဆောင်သည် ကြွလာမည့် သတို့သားဖြစ်သော ခရစ်တော်က သူ၏သတို့သမီးကို ရရှိသည့်အခါ ဖြစ်ပေါ်လိမ့်မည်ဖြစ်သည်။
6. သတို့သားအဖြစ် ခရစ်တော်သည် မင်္ဂလာဆောင်ပွဲ ရှိရမည်ဖြစ်သည်၊ ကျွန်ုပ်တို့၏အနေအထားမှာ သတို့သမီးအနေအထားဖြစ်ပြီး၊ ကြွလာမည့်ခရစ်တော်၏ အနေအထားမှာ သတို့သားအနေအထားဖြစ်သည်။
7. ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ ရှိကာ ကိုယ်တော်ကို တွေ့ဆုံရန် သတို့သမီးဖြစ်လာဖို့ ပြင်ဆင်နေကြပြီး၊ ကိုယ်တော်သည် တတိယကောင်းကင်၌ရှိကာ ကျွန်ုပ်တို့ကို တွေ့ဆုံမည့် သတို့သားအဖြစ် ကြွလာရန် ပြင်ဆင်နေသည်။
8. ကိုယ်တော်သည် သတို့သားအဖြစ် ကြွလာနေပြီး၊ ကျွန်ုပ်တို့သည် သတို့သမီးအဖြစ် သွားနေကြသည် - မ၊၂၅း၁။

*© 2025 Living Stream Ministry*